**ဝိသုဒ္ဓိမဂ်လာ သေခြင်းတရားဆင်ခြင်နည်း (၈)ပါး**

၁။ အနီး၌ရပ်တည်နေသော လူသတ်သမားအားဖြင့် ဆင်ခြင်ခြင်း။

၂။ ပြည့်စုံခြင်း ပျက်စီးခြင်းအားဖြင့် ဆင်ခြင်ခြင်း။

၃။ သေခြင်းကို အနီးသို့ဆောင်သောအားဖြင့် ဆင်ခြင်ခြင်း။

၄။ ရုပ်ခန္ဓာ၏ သတ္တဝါအများတို့နှင့် ဆက်ဆံသောအားဖြင့်
ဆင်ခြင်ခြင်း။

၅။ အသက်၏ အားနည်းသောအားဖြင့် ဆင်ခြင်ခြင်း။

၆။ သေခြင်း၏ အမှတ်နိမိတ်မရှိသောအားဖြင့် ဆင်ခြင်ခြင်း။

၇။ အသက်တမ်း၏ အပိုင်းအခြားအားဖြင့် ဆင်ခြင်ခြင်း။

၈။ ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့်ဆင်ခြင်ခြင်း၊
ဤအခြင်းအရာရှစ်ပါးတို့ဖြင့် သေခြင်းတရားကို အဖန်တလဲလဲ
အောက်မေ့ဆင်ခြင်ရာ၏။

## အရကာသုတ်လာ သေခြင်းတရားဆင်ခြင်နည်း (၇)ပါး

၁။ နေခြည်ထိရောက်၊ ဆီးနှင်းပေါက်၊ ချုပ်ပျောက်ပမာ၊

သက်ခန္ဓာ။

၂။ ရေပွက်ပမာ၊ သက်ခန္ဓာ၊ မကြာကွဲပျက်ရာ။

၃။ ရေ၌တုတ်ရေး၊ ကြာမနေး၊ ပျက်ရေးသက်ခန္ဓာ။

၄။ တောင်ကျမြစ်ရေ၊ စီးမြန်ပေ၊ တူလေသက်ခန္ဓာ။

၅။ အားရှိသူထွေး၊ မြန်တံတွေး၊ ပျက်ရေးသက်ခန္ဓာ။

၆။ သံအိုးကင်းပစ်၊ အသားတစ်၊ ကျွမ်းလစ်လျင်စွာ၊ သက်ခန္ဓာ။

၇။ နွားသတ်ရုံဆွဲ၊ နွားလိုဘဲ၊ သေခြင်းလျင်စွာ၊ သက်ခန္ဓာ။

သေခြင်းမြန်ဆန်၊ မျိုးစုံမှန်ကို၊ ဉာဏ်ဖြင့်ကြည့်ရှု၊ မြတ်ကောင်းမှု၊
ယခုပြုကြရာ။

*(အံ၊ ၂။၅၇၁၊သတ္တကနိပါတ်)*